
## ACC Against COVID-19




# အစီအစဉ် ( ၁၈ )

## "COVID-19 နှင့် ပွင့်လင်းမြင်သာမှုရှိစွာ စီမံဆောင်ရွက်ခြင်း"

### တင်ပြသူ


မျိုးသက်ပိုင်

# COVID -19

COVID–19 သည် ကမ္ဘာတစ်ဝှမ်းလုံးရှိ လူသားများ၏ အသက်အန္တရာယ်အပေါ် ခြိမ်းခြောက်လျက်ရှိသည်သာမက စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးစနစ်များနှင့် လူနေမှုစနစ်များအပေါ် သက်ရောက်လျက်ရှိနေပါတယ်။ ၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းတွင် တရုတ်နိုင်ငံ ဝူဟန်တွင် စတင်ဖြစ်ပွားစဉ်က မိမိတို့အနေဖြင့် Social Media များတွင်သာ COVID–19 ၏ ကူးစက်မှုများကို တွေ့ရှိခဲ့ပြီး အချိန် မကြာခင်ပြီးသွားမည်ဟု လူအများစုက တွေးထင်ခဲ့ကြပါသည်။







# ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ

ယခုအခါတွင် ယင်းရောဂါသည် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဆင့်ဖြစ်သည်ဟု World Health Organization မှ ကြေညာခဲ့ရပြီး မိမိတို့ အနီးပတ်ဝန်းကျင်တွင် မရှိဟု အာမခံနိုင်သော အနေအထား မရှိတော့သည့် အခြေအနေအထိ ရောက်ရှိလာခဲ့ပါသည်။ ယခုကာလ လူနေမှုစနစ်များသည် လွန်ခဲ့သော (၃)လခန့် ကာလက လူနေမှုစနစ်များနှင့် သိသိသာသာ ကွဲပြားလာခဲ့ပါသည်။








# စိုးရိမ်ပူပန်မှုများ

ကမ္ဘာနိုင်ငံအသီးသီးရှိ ပြည်သူများသည် ၎င်းတို့နိုင်ငံအတွင်း COVID-19 ကူးစက်ခံရသူဦးရေ အရှိန်လျော့သွားမည် (သို့မဟုတ်) တိုးလာနိုင်မည်၊ မည်သည့် အချိန်ကာလတွင် ကုသဆေး၊ ကာကွယ်ဆေးရရှိမည်၊ အကြပ်အတည်း ကာလ အတွင်း စီးပွားရေး၊ လူမှုရေးအခြေအနေများ ထိန်းသိမ်းထားနိုင်မည် အစရှိသည်တို့ နှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်လျက်ရှိကြပါသည်။






# ကျင့်ဝတ်များနှင့်အညီ စီမံခန့်ခွဲခြင်း၊ နေထိုင်ခြင်း

လူသားများ အနေဖြင့် မသေချာသော လက်ရှိကာလတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ အစိုးရများ၊ ဆေးရုံများ၊ ကျောင်းများနှင့် အဖွဲ့အစည်း အသီးသီးတို့တွင် ကောင်းမွန်သော ခေါင်းဆောင်မှုသည် များစွာအရေးပါလျက်ရှိပါသည်။ ထို့အပြင် ယင်းခေါင်းဆောင်မှုအောက်၌ လူသားများ အားလုံးပါဝင်ပူးပေါင်း ဆောင်ရွက်မှုသည် များစွာ အရေးပါလျက်ရှိပါသည်။ လူတစ်ဦးတစ်ယောက် စီတိုင်း၏ သက်ဆိုင်ရာအခန်းကဏ္ဍ အလိုက် ပွင့်လင်းမြင်သာမှု၊ ဖြောင့်မတ်တည်ကြည်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာ အားလုံးပါဝင်ဆောင်ရွက်သွားရန် များစွာအရေးကြီးလျက်ရှိပါသည်။







# ပွင့်လင်းမြင်သာမှု

အကြပ်အတည်း ကာလသည် လူသားများ၏ စိုးရိမ်မှု၊ သံသယစိတ်များ ကြီးထွားလာစေလေ့ရှိပါသည်။ ယင်းကာလများတွင် သတင်းမှားများ၊ ကောလာဟလများသည် လူ့အဖွဲ့အစည်းများအကြား အမုန်းနှင့် မလိုလားအပ်သောပြဿနာများကို ပေါ်ပေါက်စေပါသည်။ ထို့ကြောင့် သတင်းမှန်ထုတ်ပြန်နိုင်ရေးနှင့် အမိန့်၊ ညွှန်ကြားချက်များအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရေးသည်များစွာ အရေးပါပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ COVID-19 သံသယရှိသူများ၏ စစ်ဆေးမှုရလဒ်များကို နေ့စဉ်ထုတ်ပြန်ပေးသည့်အတွက် ပြည်သူများ အားလုံး ယုံကြည်အားကိုးစွာ စောင့်မျှော် ကြည့်ရှုလျက်ရှိပါသည်။












# ပွင့်လင်းမြင်သာမှုမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်ခြင်း

ဒေသတွင်းနိုင်ငံတစ်ခု၏ သမ္မတတစ်ဦးသည် နိုင်ငံအတွင်း ရောဂါကူးစက်မှု သတင်းအချက်အလက်များကို လူထုတုန်လှုပ်မည်စိုးသောကြောင့် တမင်ထုတ်ပြန်ခြင်းမပြုခဲ့ကြောင်း ပြီးခဲ့သော (၂) လခန့်က ဝန်ခံပြောဆိုခဲ့သည်ကို တွေ့ရှိရပါသည်။ ယင်းကိစ္စရပ်သည် လူထု၏ ဝေဖန်ပိုင်းခြားနိုင်စွမ်းကို လျှော့တွက်ခြင်းပင်ဖြစ်သည်ဟု သုံးသပ်မိပါသည်။ သတင်းအချက်အလက်များအား တိကျမှန်ကန်စွာ ထုတ်ပြန်ကြေညာခြင်းအားဖြင့် ပေါ်ပေါက်လာသော အကောင်း/အဆိုးရလဒ်များအပေါ် အများပြည်သူအနေဖြင့် အစိုးရနှင့် အေးအတူပူအမျှ ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်စေပါသည်။ အစိုးရမှ ရှေ့ဆက်ဆောင်ရွက်ရန် ချမှတ်သည့် အမိန့်ညွှန်ကြားချက်များကို ပိုမိုနားလည် သဘောပေါက်လိုက်နာစေပါသည်။






https://www.aljazeera.com/news/2020/04/covid-19-pandemic-testing-world-leaders-stepping-200402201221844.html

အစိုးရ၏ အမိန့်၊ ညွှန်ကြားချက်များကို ပြစ်ဒဏ်ကြောက်၍ လိုက်နာစေခြင်းထက် လိုက်နာခြင်းကြောင့်ရရှိလာနိုင်မည့် အကျိုးကျေးဇူးများကို သိရှိစေခြင်းသည် ပိုမိုထိရောက်ပြီး ပူးပေါင်းဆောင်ရွက်မှု ခိုင်မာလာစေပါသည်။ ကူးစက်ရောဂါဆိုး၏ ကူးစက်နိုင်စွမ်းနှင့် အန္တရာယ်ရှိမှုကို သိရှိမှသာလျှင် တပ်ဆင်ရန် ကျင့်သားမရှိသည့် Mask ကို စည်းစနစ်ကျကျ ဝတ်ဆင်မည်ဖြစ်ပါသည်။ အချို့သော ဈေးများတွင် ဈေးရောင်းသူများသည် **Mask** များကိုလည်ပင်းတွင်သာထားရှိပြီး စောင့်ကြည့် အရေးယူမည့် အဖွဲ့အစည်းများလာမှသာ အမြန်တပ်ဆင်ကြသည်ကို စိတ်မကောင်းဖွယ်ရာ တွေ့ရှိခဲ့ရသော်လည်း နောက်ပိုင်းတွင် တိတိကျကျလိုက်နာလာကြပါသည်။







# လုပ်ထုံးလုပ်နည်းများ ပွင့်လင်းမြင်သာမှုရှိခြင်း

COVID-19 အကြပ်အတည်း ကာလတွင် သက်ဆိုင်ရာ ဌာနများ၊ လူမှုအဖွဲ့အစည်းများမှ ဝယ်ယူရေး တာဝန်ရှိသူများ/ ကော်မတီများသည် နိုင်ငံတော်ဘတ်ဂျက် ဖြင့်သော်လည်းကောင်း၊ လှူဒါန်းငွေများ ဖြင့်သော်လည်းကောင်း တန်ဖိုးကြီးမားသော ဆေးဘက်ဆိုင်ရာ အထောက်အကူပြု ပစ္စည်းများ ဝယ်ယူခြင်းကို အလျင်အမြန် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရေး အတွက် ပြင်ဆင်သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရန် လိုအပ်ပါသည်။














# ယခင် သင်ခန်းစာများ


Ebola and corruption: Overcoming critical governance challenges in a crisis situation


Since the end of 2013, the Ebola virus disease has been ravaging the economies and societies of Sierra Leone, Liberia, and Guinea-Conakry, infecting over 20,000 people by the end of 2014. The disease also spread to Nigeria, though it was quickly contained. An estimated $1 billion in international public and private aid has been dispersed to these countries to try to

မိမိတို့အနေဖြင့် ကမ္ဘာ့နိုင်ငံများတွင် ယခင်ဖြစ်ပွားခဲ့သော **Ebola Virus** နှင့် **Swine Flu Epidemic outbreak** များမှ ပေါ်ပေါက်လာသည့် အကြောင်းအရာ ကိစ္စရပ်များသည် ပြန်လည်လေ့လာသတိပြုရမည့် သင်ခန်းစာများ ဖြစ်ပါသည်။

# အခြေအနေနှင့်အညီ ပွင့်လင်းမြင်သာမှုရှိစွာ လုပ်ကိုင်ဆောင်ရွက်ခြင်း

အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် COVID-19 အကြပ်အတည်း ကာလအတွင်း လက်ရှိ အခြေအနေနှင့်အညီ လုပ်ကိုင် ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် အကြပ်အတည်း ကာလအတွင်း နိုင်ငံ့ဘတ်ဂျက်ဖြင့် ဆောင်ရွက်ဆဲလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မြို့နယ်အလိုက်ထုတ်ပြန်ကြေညာခြင်းဖြင့် ပြည်သူများအကြား ပွင့်လင်းမြင်သာမှု တိုးပွားလာမည်ဖြစ်ပါသည်။





လူသားများအားလုံး အခြေခံကျင့်ဝတ်များအနက် တစ်ခု ဖြစ်သော ပွင့်လင်းမြင်သာမှုရှိစွာ ပြုမူဆောင်ရွက်ခြင်းဖြင့် သံသယ စိတ်ကင်းရှင်းပြီး ဆုံးရှုံးမှုအနည်းဆုံးဖြင့် COVID-19 အကြပ် အတည်းအား အောင်မြင်စွာ ဖြတ်ကျော်နိုင်မည်ဖြစ်ပါကြောင်း တင် ပြအပ်ပါသည်။ မြန်မာနိုင်ငံသူ/နိုင်ငံသားများအားလုံးစိတ်ရော ကိုယ် ပါကျန်းမာစွာဖြင့် အကြပ်အတည်း ကာလအားကျော်လွှား နိုင်ကြ ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

# ကိုးကားသည့်ဆောင်းပါး

Zaheena Rasheed ၏ COVID-19 pandemic is testing  world leaders. Who's stepping up? ဆောင်းပါး